# Are Myanmar movies too stereotypical?

မြန်မာ့ရုပ်ရှင် တခေတ်ဆန်းချိန် ရောက်ပြီလား?

“ မြန်မာ့ရုပ်ရှင်က ပြောင်းသွားတာပဲရှိတယ်။ တခေတ်ဆန်းလာတယ်လို့ တော့ ပြောလို့ မရဘူးထင်တယ်။ “

**အကယ်ဒမီ ဒါရိုက်တာ ကြည်စိုးထွန်း**

---

“ပေါ်ကားထက်စာရင် ကျနော်ကတော့ ဂျင်းကားလို ့ပြောချင်တယ်။ ပရိသတ်ကို ဂျင်းထည့်တာ။ နိုင်ငံတိုင်းမှာ ဟာသကားဆိုတာကရှိတယ်။ ဒါပေမယ့် ဟာသကားကို Quality အရည်အသွေးကောင်းကောင်း ရိုက်လို ့ရတယ်။ ဂျင်းကားဆိုတာ ကတော့ ဖြစ်သလိုရိုက်ပြီးပိုက်ဆံရှာတဲ့ကား။ အမြတ်အစွန်းအဓိက ထားတဲ့ကားတွေပဲ။ “

**ဒါရိုက်တာ အာကာ (အာကာထုတ်လုပ်ရေး)**

---

“အကဲခတ်ဖြတ်အဖွဲ ့ဝင်တွေရဲ ့ဒုက္ခကိုပြောပြချင်တယ်။ အကယ်ဒမီအတွက် ၅၃ ကားကိုမပြည့်ပြည့်အောင်ကြည့်ရတာ။ စိတ်ကလည်း မရှည်ဘူး။ ဒေါသလည်းထွက်နေပြီ။ ဒါပေမယ့်တာဝန် ကလည်း ရှိနေတယ်။ မပြီးပြီး အောင်ကြည့်ရတာ။ နောက်ပိုင်းကောင်းနိုး နောက်ပိုင်းကောင်းနိုးနဲ ့။ ထပြန်လို ့က လည်းမရဘူး။ စိတ်ထဲ ဒီကောင်တွေက တော်တော်ရက်စက်တဲ့ကောင်တွေ၊ အသုံးမကျတဲ့ကောင်တွေဆိုပြီး အဲဒီလောက်ထိ ဖြစ်ပါတယ်။ စော်ကားတယ်လို့ ခံစားရတယ်။ ဒီအရွယ်ကြီးရောက်မှ ဂျင်းထည့်ခံရတယ်။”

**အကယ်ဒမီ ဒါရိုက်တာ ကြည်စိုးထွန်း**

---

“ရိုးရိုးဖလင်ဆိုတဲ့ခေတ်က ဒစ်ဂျစ်တယ်ဆိုတဲ့ခေတ်ကို သွားတဲ့ အချိန်မှာ ကျမတို ့အားလုံး culture shock ရစေတယ်။”

**အကယ်ဒမီဆွေဇင်ထိုက်**

---

” အနုပညာပြဖို့ အတွက်က ထုတ်လုပ်သူလည်းလိုပါတယ်။ ထုတ်လုပ်သူရဲ့ အကြိုက်လည်း အနည်းနဲ့ အများ လိုက်ကြရတာလည်းရှိတယ်။ “

## ဒါရိုက်တာ ဇေပါ

-------------------------------------------------------------------------------------------------------------------

“ရိုက်တဲ့လူကလည်း ကြည့်တဲ့သူများတဲ့ ဇတ်လမ်းအမျိုးအစားကိုရိုက်ပါတယ်။ ကြည့်တဲ့သူကလည်းပဲ တနေ့တာမှာပင်ပမ်းနေရတဲ့ဒုက္ခတွေကနေ ၂ နာရီလောက်လွတ်ပါစေတော့ဆိုတဲ့ ဖျော်ဖြေမှု (Entertainment ) အနေနဲ့ ကြည့်တာပါ။ အဲဒီစိတ်နေသဘာဝ (Attitude ) ကို ကျမတို့ ပြင်ရမှာဖြစ်တယ်။”

## အကယ်ဒမီဆွေဇင်ထိုက်

-------------------------------------------------------------------------------------------------------------------

“နိုင်ငံတကာမှ မိန်းမလျာဇတ်ရုပ်နဲ့ ပက်သက်ပြီး ကောင်းအောင်ရိုက်နေတဲ့အချိန်မှာ မြန်မာပြည်ထဲမှာ မသန်စွမ်းဆိုလည်း ဟာသလုပ်တယ် လိင်တူချစ်သူဆိုလည်းဟာသလုပ်တယ်။ ဖြူစင်တဲ့ကလေးတွေ က ဒီလိုကားတွေကို ကြည့်လိုက်မယ်ဆိုရင် ဒီအရောင်တွေက ကလေးတွေကို သွားဆိုးမှာ။ အပြင်မှာ ဒီလိုလူတွေကို ဇတ်ကားထဲကအတိုင်းသွားဆက်ဆံရင် လူ့ဘောင်လူ့အဖွဲ့ အစည်းကနှစ်ခြမ်းကွဲမှာပါ။ ပြဿနာရှိတယ်။ ဒါကြောင့်ကလေးတွေကို ကျမအနေနဲ့ မြန်မာကားမကြည့်ခိုင်းဘူး။ “

ပရိသတ် ၊ရှင်းသန့်

-------------------------------------------------------------------------------------------------------------------

“မိန်းမလျာအခြောက် LGBTတွေပါတဲ့ ကားပေါင်း တစ်သိန်းမကထွက်တယ်။သရုပ်ဆောင်တွေကြည့်ပြန်တော့ ဟာသလူရွှင်တော်တွေဖြစ်နေတယ်။ တကယ့်တကယ် ရုပ်ရှင်ဖွံ့ဖြိုးဖို့ ဆိုရင် အခြောက်အစစ်တွေကို အဲဒီ အခြောက်လုပ်တဲ့အခန်းတွေမှာ သရုပ်ဆောင်ခိုင်းရင်မဖြစ်နိုင် ဘူးလား?”(မူရင်းပရိသတ်ပြောတဲ့အသုံး အနှုံးအတိုင်း အခြောက်ဟုသုံးနှုံးသည် )

ပရိသတ်။ သဇင်

-------------------------------------------------------------------------------------------------------------------

"နိုင်ငံတကာလူ့ အခွင့်အရေးပွဲတော်မှာပြနေတဲ့ ရုပ်ရှင်ပွဲတော်တွေမှာပြတဲ့ ဆင်ဆာနဲ့ Main Stream မှာပြနေတဲ့ ဆင်ဆာဘာများကွာခြားပါလဲ မေးချင်ပါတယ်။"

ပရိသတ်၊ မစိုးစံထိုက်

---